# အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက်ဆောင်ရွက်ကြပါစို့– ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၃၂၅ (UNSCR 1325) ကို အကောင်အထည်ဖေါ်ဆောင်ရွက်ရန်လိုအပ်ချက်

**အဓိကအချက်များ**

- မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ၂၀၀၀ခုနှစ်၊ အောက်တိုဘာလတွင် အဖွဲ့ဝင်နိုင်ငံများက တစ်ညီတစ်ညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့သော UNSCR 1325 အား အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။
- UNSCR 1325 သည် စစ်ပွဲများကြောင့် အမျိုးသမီးများထိခိုက်နစ်နာမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ၏အရေးပါမှုနှင့်ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့နှင့်စပ်လျဉ်းသည့် အထူးအလေးထားဆုံးဖြတ်ခဲ့သည့် ပထမဦးဆုံးသော ဆုံးဖြတ်ချက်ဖြစ်သည်။
- UNSCR 1325 သည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်တိုင်း၌ အမျိုးသမီးများပါဝင်မှုမြှင့်တင်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်မှုတိုင်းတွင် ကျား၊မရေးရာအမြင်များကို ထည့်သွင်းဆောင်ရွက်ရေး၊ ကျား၊မ အခြေပြုအကြမ်းဖက်မှု အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အခြားသောရာဇဝတ်မှုများမှ ကာကွယ်ရန်အတွက် အထူးလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။
- ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့် UNSCR 1325 အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုအပ်ပါသည်။
- မြန်မာနိုင်ငံသည် UNSCR 1325 ၏ရည်ရွယ်ချက်များကိုပြည့်မီရန် အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို မူဝါဒများချမှတ်၍ ရေးဆွဲသင့်ပါသည်။ ထိုစီမံကိန်းသည် နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးတို့နှင့်ဆိုင်သောမူဝါဒများကို ထည့်သွင်းစဉ်းစားရန်လိုသည့်အပြင် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြား ညှိနှိုင်းဆောင်ရွက်မှုများလည်း လိုအပ်ပါသည်။

## နောက်ခံသမိုင်းကြောင်း

### ပဋိပက္ခကြောင့်အမျိုးသမီးများအပေါ်သက်ရောက်မှု

ဤရာစုများတွင် အကြမ်းဖက်သောပဋိပက္ခသဘာဝသည် ပြောင်းလဲခဲ့ပါသည်။ အရပ်သူအရပ်သားများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အကြမ်းဖက်မှု၊ မလုံခြုံမှု၊ နေရာပြောင်းရွှေ့ခံရမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသောအန္တရာယ်များစွာတို့ကို ပြင်းထန် စွာခံစားရသူများဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများနှင့်မိန်းကလေးငယ်များမှာ လက်နက်ကိုင်ပဋိပက္ခများကို အမျိုးသားများနှင့်မတူ ကွဲပြားစွာတွေ့ကြုံခံစားကြရပါသည်၊ အမျိုးသားများ အကြမ်းဖက်ခြင်းသည် လွှမ်းမိုးသောထုံးစံတစ်ခုဖြစ်လာပါသည်။ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ယောကျ်ားလေးများအပါအဝင် ကျား၊မ အခြေပြုအကြမ်းဖက်မှု အထူးသဖြင့် မုဒိန်းပြုကျင့်မှု၊ လိင်အခြေပြု၍ အခြားသောနည်းများဖြင့် မတော်မတရားပြုကျင့်မှုများသည် စစ်ပွဲ၏နည်းဗျူဟာအဖြစ်ပြီး လူ့အသိုင်းအဝိုင်းနှင့်လူတစ်ဦးချင်းစီကို အရှက်ရစေခြင်း၊ စော်ကားခံရခြင်း၊ ထိခိုက်မှုများဖြစ်စေခြင်းတို့သည် စစ်ကြီးပြီးသွားသည့်တိုင်အောင် အမျိုးသမီးများ၊ သူတို့၏မိသားစုများနှင့် လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ဆိုးကျိုးများက သက်ရောက်နေဆဲဖြစ်သည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်အမျိုးသမီးများပါဝင်မှု

စစ်ပွဲများကိုဖန်တီးသည့်သူများသည် အမျိုးသားများဖြစ်သည့်အလျောက် ငြိမ်းချမ်းရေးစကားဝိုင်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများသည်လည်း အမျိုးသားများသာ ဆောင်ရွက်သင့်သည်ဟု မြင်နေကြသဖြင့် မြန်မာနိုင်ငံတွင် အပစ်အခတ်ရပ်ဆဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ညှိနှိုင်းဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်နိုင်မှုသည် အလွန်နည်းနေပါသည်။ အမျိုးသမီးစေ့စပ်ညှိနှိုင်းသူများ၊ အကြံပေးသူများ၊ လုပ်ငန်းစဉ်ဖြစ်မြောက်အောင်ဆောင်ရွက်သူများအား အရေးအတွက်အတိအကျဖြင့် ဖော်ပြရန်အလွန်ခက်ခဲသည်။ NCCT တွင် အမျိုးသမီးတစ်ဦးသာ အချို့သောအချိန်များတွင် ညှိနှိုင်းဆောင်ရွက်သူအဖြစ် ပါဝင်သည်ကို တွေ့ရသော်လည်း အစိုးရဘက်တွင် အမျိုးသားများသာပါဝင်နေသည်ကို တွေ့ရပါသည်။ လူမှုအဖွဲ့အစည်းများမှ အမျိုးသမီးနှစ်ယောက်ကိုမူ လုပ်ငန်းစဉ်ဖြစ်မြောက်အောင် ဆောင်ရွက်သူနှင့်နည်းပညာရှင်အဖြစ် ပါဝင်နေသည်ကို အမြဲလိုလိုတွေ့ရပါသည်။ အမျိုးသမီးများသည် လက်နက်ကိုင်ပဋိပက္ခများတွင် ထိခိုက်ခံစားရဆုံးနှင့် ထိခိုက်လွယ်သူများဖြစ်သည့်အတွက် ၎င်းတို့၏လိုအပ်ချက်များကို အသိဆုံးသောသူများဖြစ်ပါသည်။

ထိုနည်းတူ အမျိုးသမီးများသည် ပဋိပက္ခဖြစ်ရသည့်အကြောင်းရင်းများနှင့် ဖြစ်နိုင်ချေရှိသည့်ဖြေရှင်းနည်းလမ်းများကိုလည်း သိသောသူများဖြစ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တိုင်းတွင် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤဆုံးဖြတ်ချက်သည် အမျိုးသမီးများ၏ အဓိပ္ပါယ်ရှိသောပါဝင်မှုသည် အရေးကြီးကြောင်းနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် ကျား၊ မရေးရာအမြင်များကိုထည့်သွင်းရန် မီးမောင်းထိုးပြထားပါသည်။ ဤအရာများကို ထည့်သွင်းစဉ်းစားခြင်းမရှိပါက ငြိမ်းချမ်းရေးသည် အားလုံးပါဝင်နိုင်မှုမရှိသည့်အတွက် ရေရှည်မတည်တံ့နိုင်ပါ။

## ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UNSCR 1325)

UNSCR 1325 သည် အမျိုးသမီးများ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်ပတ်သက်ပြီး ၂၀၀၀ခုနှစ်မှ စတင်ကျင့်သုံးလာခဲ့ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည်အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန် အဓိကတာဝန်ရှိသော ကုလသမဂ္ဂအဖွဲ့ဖြစ်ပါသည်။
UNSCR 1325 သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ချက်အားလုံးတွင် အမျိုးသမီးများပါဝင်မှုမြှင့်တင်ပေးရန်နှင့် ကျားမရေးရာအမြင်များကို ထည့်သွင်းရန် ပါဝင်ဆောင်ရွက်နေသူ အားလုံးကို တိုက်တွန်းထားသည်။

ဤဆုံးဖြတ်ချက်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကျားမအခြေပြုအကြမ်းဖက်မှုများမှ ကာကွယ်ပေးရန်၊ အထူးသဖြင့် မုဒိမ်းပြုကျင့်မှုများနှင့် လိင်အခြေပြု၍ အခြားသောနည်းများဖြင့် မတော်မတရားပြုကျင့်မှုများကို ကာကွယ်ရန်အတွက် တိကျသောဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆို ထားပါသည်။ ထုံးစံ၊ ဓလေ့ သို့မဟုတ် ဘာသာရေးအကြောင်းပြချက်များဖြင့် အမျိုးသမီးများအား ထည့်မတွက်ဘဲ ချန်ထားခြင်းအား လက်မခံပါ။

## ဖြစ်ပေါ်နေသောအချက်များနှင့်လုပ်ဆောင်ရန်အချက်များ

### ၂၀၁၅ ခုနှစ်တွင် UNSCR 1325 အား ကမ္ဘာ့အဆင့်မှ နိုင်ငံတော်အဆင့် ပြန်လည်သုံးသပ်ခြင်း

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ UNSCR 1325 အကောင်အထည်ဖော်ဆောင်ရွက်တိုးတက်မှုများကို ကမ္ဘာ့အဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုထားသည်နည်းတူ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းကို အလျင်အမြန်ရေးဆွဲအကောင်အထည်ဖေါ်ဆောင်ရွက်ရန် လိုအပ်သည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းကို နည်းဗျူဟာကျသောလုပ်ဆောင်ချက်များ၊ ဦးစားပေးအစီအစဉ်များနှင့်အရင်းအမြစ်များသတ်မှတ်ခြင်း၊ မူဝါဒများသတ်မှတ်ခြင်း၊ တာဝန်ဝတ္တရားများ၊ ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်မည့်ကာလတို့ဖြင့် စတင်ရန်လိုအပ်ပါသည်။ အမျိုးသားအဆင့် လုပ်ငန်း စီမံကိန်းရေးဆွဲခြင်းသည်ပင်လျှင် UNSCR 1325 အပေါ် နားလည်သဘောပေါက်မှုမြှင့်တင်ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ၎င်းသည် ဤဆုံးဖြတ်ချက်ကို အပြည့်အဝအကောင်အထည်ဖော်ရန်အတွက် လိုအပ်ချက်များနှင့် အခက်အခဲများကိုကျော်လွှားစေမည်ဖြစ်သည်။

### ပါလီမန်အမတ်များဆောင်ရွက်ရန်လိုအပ်ချက်

၁။ ဤဆုံးဖြတ်ချက်ကို http://www.un.org/womenwatch/osagi/wps/ တွင်ဖတ်ရှုရန်။
၂။ ဤဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ထပ်မံသိလိုသောအချက်များရှာဖွေရန်။
၃။ UNSCR 1325 နှင့်ပတ်သက်၍ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်နေသော အဓိကကျသည့် အစိုးရအဖွဲ့ဝင်အရာရှိများအတွက် သင်တန်းများစီစဉ်ပေးရန်။
၄။ ပဋိပက္ခဖြစ်နေသောအဖွဲ့နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့်တွေ့ဆုံကာ UNSCR 1325 အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းရေးဆွဲရေးနှင့် ပတ်သက်၍ဆွေးနွေးရန်။
၅။ ဤလုပ်ငန်းစဉ်အားပံ့ပိုးကူညီရန်အသင့်ရှိသော မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများထံမှ အကူအညီများရယူရန်။

**ထပ်မံသိရှိလိုသောအချက်များရှိပါကအောက်ပါပုဂ္ဂိုလ်ကိုဆက်သွယ်ပါရန်–**

ဒေါ်နီလာထွန်း
ကဲရ် မြန်မာ
နည်းပညာပိုင်းဆိုင်ရာအကြံပေး (ကျား၊မရေးရာ)
ဖုန်း – ၀၉၅၁၁၅၈၉၂
အီးမေးလ် – nilar.tun@careint.org

ဒေါ်နန်းဖြူဖြူလင်း
ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျားမရေးရာကိုထည်းသွင်းစဉ်းစားသည့်မဟာမိတ်အဖွဲ့
သဘာပတိ
ဖုန်း – ၀၉၅၁၈၀၉၈၀
အီးမေးလ် – phyu2lin@gmail.com